China · YUNNAN
HEADLINE
၁၆-၂၂ မေ ၊ ၂၀၁၇ Vol.70
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# တရုတ်ကွန်မြူနစ်ပါတီဗဟိုပြည်ပဆက်သွယ်ရေးဝန်ကြီးဌာနမှ ယူနန်၏ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရေးအကြောင်း တစ်ကမ္ဘာလုံးထံ မိတ်ဆက်ကြော်ငြာ

ဧပြီလ (၂၇)ရက်နေ့ နံနက်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုပြည်ပဆက်သွယ်ရေးဝန်ကြီးဌာနသည် "တရုတ်ကွန်မြူနစ်ပါတီ၏ ပုံပြင်။ ။ဆင်းရဲနွမ်းပါးသူများကိုတိကျစွာ ကူညီပံ့ပိုးရေးမှာ ယူနန်ပြည်နယ်ပါတီကော်မတီ၏ အကောင်အထည်ဖော်ဆောင်မှု--မည်သည့်တိုင်းရင်းသားကိုမျှမချန်ရစ်" ဟူသောအဓိကခေါင်းစဉ်ဖြင့် မိတ်ဆက်ကြော်ငြာပွဲကို ကျင်းပခဲ့သည်။ ယူနန်ပြည်နယ်ပါတီကော်မတီက တရုတ်နိုင်ငံပထမဆုံးသော ဒေသပါတီကော်မတီအဖြစ် နိုင်ငံရေးပါတီနှင့် တရုတ်နိုင်ငံအခြေစိုက် နိုင်ငံခြားဌာနများစသည်တို့ထံ ဗဟိုပါတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖိန်၏ ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရေးနှင့်ဖွံ့ဖြိုးရေးမဟာဗျူဟာ အတွေးအခေါ်ကို ယူနန်ပြည်နယ်မှ အကောင်ထည်ဖော်လုပ်ဆောင်သော အကျိုးရလဒ်များကို မိတ်ဆက်ကြော်ငြာခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီဗဟိုပြည်ပဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးစုံထောင်က တက်ရောက်ပြီး မိတ်ခွန်း ပြောကြားခဲ့သည်။ ၎င်းအပြင်ယူနန် ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး ချိန်ဟောင်က တရုတ်ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် ပြည်လုံးဆိုင်ရာ ညီလာခံကျင်းပကတည်းက ယူနန်ပြည်နယ်ပါတီကော်မတီမှ ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ဆိုင်ရာ ဗဟိုပါတီအထွေထွေ အတွင်းရေးမှူးရှီကျင့်ဖိန်က တင်ပြသော မဟာဗျူဟာအတွေးအခေါ်နှင့် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အကြောင်း မိတ်ဆက်ပြောကြားခဲ့ပါသည်။ မိတ်ဆက်ကြော်ငြာပွဲပြီးနောက် "ရာထူးအဆင့်ငါးဆင့်ပါတီအတွင်းရေးမှူးက ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရေးသက်ဆိုင်ရာ ပုံပြင်။"နှင့် "ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရာတွင် မည်သူကိုမျှ မကျန်ရစ်စေရ"ဟူ သောဆွေးနွေးပွဲနှစ်ခုကို တစ်ပြိုင်တည်း ကျင်းပခဲ့ကာ တစ်ကမ္ဘာလုံးထံ ယူနန်၏ ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရေးအကြောင်း မိတ်ဆက်ပြောပြခဲ့သည်။

၎င်းမိတ်ဆက်ကြော်ငြာပွဲတွင် ကုလသမဂ္ဂဖွံ့ဖြိုးစီမံရေးအစီအစဉ်မှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အတိုင်ပင်ခံမာခက်၊ ဥရုဂွေးကျယ်ပြန့်လိုင်း ဥက္ကဋ္ဌမီလန်တာ(Miranda)က-ယူနန်ပြည်နယ်ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးရေး၏ လုပ်ဆောင်ချက်သည် အလွန်မှတ်မိစေပြီးရလဒ်မှာ အထူးအံ့သြစေပါကြောင်းဖော်ပြခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီစနစ်သည် တရုတ်နိုင်ငံစီးပွားလူမှုဖွံ့ဖြိုး တိုးတက်ရေး၏ ပန်းတိုင်အသီးသီးဖြစ် မြောက်ရန်အတွက် ခိုင်မာသောအာမခံထောက်ပံ့ပေးနိုင်ခဲ့ပြီး တမူထူးခြားသောအစိုးရအားသာချက်နှင့် နည်းစနစအားသာချက်ကို ဖော်ပြနိုင်ခဲ့သောကြောင့် အထူးလေးစားမြတ်နိုးဖွယ်ကောင်းပါသည်။ တရုတ်နိုင်ငံသို့ လည်ပတ်ခရီးရောက်ရှိနေသော နိုင်ငံရေးပါတီကိုယ်စားလှယ်အဖွဲ့များနှင့် တရုတ်နိုင်ငံအခြေစိုက် နိုင်ငံအသီးသီးမှသံအမတ်များ၊ တရုတ်နိုင်ငံအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းမှကိုယ်စားလှယ်များ ပါဝင်သောဧည့်သည်ပေါင်း (၄၀၀)နီးပါးက မိတ်ဆက်ကြော်ငြာပွဲသို့ တက်ရောက်ခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုပြည်ပဆက်သွယ်ရေးဝန်ကြီးဌာန ပထမဆုံးမိတ်ဆက်ကြော်ငြာပွဲတွင် အဘယ်ကြောင့် ယူနန်ကိုရွေးချယ်ရသနည်း။

"တရုတ်ကွန်မြူနစ်ပါတီဗဟိုပြည်ပဆက်သွယ်ရေးဝန်ကြီးဌာနသည် ပါတီ၏ ပြည်ပဆက်ဆံရသော လုပ်ငန်းဌာနအဖြစ် ပြည်ပသို့တရုတ်ကွန်မြူနစ်ပါတီ၏ ပုံပြင်၊ နည်းစနစ်၊ လမ်းကြောင်း၊ သီအိုရီများကို ကောင်းစွာပြောပြနေလျက်ရှိသည်"ဟု တရုတ်ကွန်မြူနစ်ပါတီဗဟိုပြည်ပဆက်သွယ်ရေးဝန်ကြီးဌာန သတင်းနှင့်ပြန်ကြားရေးညွှန်ကြားရေးရုံး အင်တာနက်ကွန်ယက်ရုပ်သံဌာနမှ ဌာနမှူး လီဟောက်မင်းက ပြောဆိုသည်။

၎င်းသို့သောနိုင်ငံတကာမှ ဂရုစိုက်ချက်များကိုအခြေခံပြီး တရုတ်ကွန်မြူနစ်ပါတီဗဟို ပြည်ပဆက်သွယ်ရေးဝန်ကြီးဌာနသည် ဒေသပါတီကော်မတီနှင့် ပထမဆုံးအကြိမ်ပူးပေါင်းဆောင်ရွက်ပြီး "တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၏ပုံပြင်" ဟူသော အဓိကခေါင်းစဉ်ဖြင့် မိတ်ဆက်ကြော်ငြာမှု အစီအစဉ်ကို ပူးတွဲကျင်းပခဲ့သည်။ ပြည်နယ်ပါတီကော်မတီအသီးသီးမှ ပါတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖိန်၏ နိုင်ငံအုပ်ချုပ်ရေးပေါ်လစီနှင့်မဟာဗျူဟာအတွေးခေါ်ကို ဒေသတွင်အကောင်အထည်ဖော်လုပ်ဆောင်သည့်အကြောင်းနှင့် ရလဒ်များကိုဖော်ပြရန်လိုအပ်သည်။ စစ်မှန်သောဖြစ်စဉ်၊ ပုံပြင်များပြောပြခြင်းနှင့် မျှဝေခြင်းစသည့် နည်းလမ်းများဖြင့် နိုင်ငံတကာမှ ဂရုစိုက်မှုကို ပြန်လည်တုံ့ပြန်ပေးသည်။

အဘယ့်ကြောင့်ပထမဆုံးအကြိမ်မိတ်ဆက်ကြော်ငြာပွဲတွင် ယူနန်ကိုရွေးချယ်ရသနည်း။ "တရုတ်ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံကျင်းပပြီးနောက် ယူနန်သည်ဆင်းရဲနွမ်းပါးသူများကိုကူညီပံ့ပိုးရာတွင် တိကျခိုင်မာသောရလဒ်များကိုရရှိခဲ့ရာ အထူးဆွဲဆောင်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ယူနန်ကိုပြည်ပသို့ ပုံပြင်ပြောပြသောပထမဆုံးပြည်နယ်အဖြစ် ရွေးချယ်ခဲ့ပါသည်။"ဟု လီဟောက်မင်းကပြောသည်။ "ဆင်းရဲနွမ်းပါသူများကိုတိကျစွာကူညီပံ့ပိုးရေး"ဟူသော ခေါင်းစဉ်သည် ပါတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖိန်၏ ဆင်းရဲနွမ်းပါသူများကို တိကျစွာကူညီပံ့ပိုးရေးအခြေခံမဟာဗျူဟာမှ ဆင်းသက်လာခြင်းဖြစ်သည်။ ယူနန်သည် တိုင်းရင်းသားများစွာနေထိုင်ရှိသော ဒေသတစ်ခုဖြစ်သည်၊ နယ်စပ်ပြည်နယ်လည်းဖြစ်သည်။ တောင်တန်းဒေသများပြားပြီး ဆင်းရဲသူဦးရေများလှပါသည်။ ဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးသည့်အလုပ်တာဝန်သည်အလွန်ခက်ခဲပြီး၊ အခြေအနေများပြားရှုပ်ထွေးလှပါသည်။ ယူနန်သည် ဆင်းရဲနွမ်းပါးသူများကိုကူညီပံ့ပိုးရာတွင် ဆောင်ရွက်သည့် လုပ်ဆောင်ချက်များမှာ အထူးကိုယ်စားပြု ဖွယ်ရှိသည်။ အလွန်ကောင်းသော စံနမူနာအဓိပ္ပာယ်လည်းရှိပါသည်။

သတင်းထောက် - ကျန်ရောဂူ

# (၅၇)ကြိမ်မြောက်မဲခေါင်မြစ် ပူးတွဲတရားဥပဒေစိုးမိုးရေးကို တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း (၄)နိုင်ငံမှ အောင်မြင်စွာပြီးမြောက်

ဧပြီလ(၂၅)ရက်နေ့တွင် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံတရားဥပဒေစိုးမိုးရေးဌာနမှ (၅၇) ကြိမ်မြောက်မဲခေါင်မြစ် ပူးတွဲတရားဥပဒေစိုးမိုးရေး လုပ်ငန်းကို ပြီးမြောက်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးအဖွဲ့သည် တစ်လိုင်းလုံး ကင်းလှည့်စစ်ဆေးခြင်း၊ အပိုင်းခွဲကင်းလှည့်စစ်ဆေးခြင်း၊ အဖွဲ့ခွဲကင်းလှည့်စစ်ဆေးခြင်း စသည့်နည်းလမ်းများဖြင့်မဲခေါင်မြစ်မြစ်ဝှမ်းဒေသရှိ တရုတ်နိုင်ငံကွန်လိပ်ဆိပ်ကမ်းမှလာအို၊ မြန်မာ၊ ထိုင်းဆုံရာ ရွှေတြိဂံရေနယ်ပယ်အထိ ပူးတွဲကင်းလှည့်ပြီးတရား ဥပဒေစိုးမိုးရေးကို လုပ်ဆောင်ခဲ့ကြသည်။



လှူတွဲကင်းလှည့်သည့် ကာလအတွင်း ပူးတွဲတရားဥပဒေစိုးမိုးရေးအဖွဲ့သည် လာအိုမုန့်မော်ဆိပ်ကမ်းတွင် "ကင်းလှည့်သင်္ဘောဖွင့်လှစ်ရက်"အစီအစဉ်ကိုကျင်းပခဲ့ရာ တရားဥပဒေစိုးမိုးသူ၊ ဒေသအခြေစိုက်ရဲတပ်ဖွဲ့၊ တရုတ်နိုင်ငံ အဖွဲ့အစည်းမှ ဝန်ထမ်းများကို တရား ဥပဒေစိုးမိုးသည့် သင်္ဘောများပေါ်သို့သွားရောက်လည်ပတ်ကြည့်ရှုရန် ဖိတ်ခေါ်ခဲ့သည်။ အဖက်ဖက်အားပူးတွဲတရားဥပဒေစိုးမိုးရေး၏ အကျိုးရလဒ်ကိုပြသခဲ့ပြီး ချစ်ကြည်ရေးကို မြှင့်တင်လာလေပါသည်။

ယခုအကြိမ် ပူးတွဲတရားဥပဒေစိုးမိုးရေးသည့်အချိန် (၄)ရက်(၃)ညကြာပြီး တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းလေးဖက်တို့မှ တရားဥပဒေစိုးမိုးသည့် ကင်းလှည့်သင်္ဘောပေါင်း(၇)စီး၊ လူ(၁၆၀)ဦးကို စေလွှတ်ခဲ့သည်။ စုစုပေါင်းခရီးစဉ်မှာ (၅၁၂)ကီလိုမီတာရှိခဲ့သည်။

သတင်းထောက် - ရန်ကျင့်

# ၂၀၁၇ခုနှစ် တရုတ်နိုင်ငံလက်ဖက်ခြောက်တံဆိပ်တန်ဖိုးအမှတ်စဉ်တွင် ဖူအော်လက်ဖက်ခြောက်သည် ပထမရရှိခဲ့



ယခုရက်ပိုင်းတွင်(၄)လကြာသော "၂၀၁၇ခုနှစ်တရုတ်နိုင်ငံ လက်ဖက်ခြောက်ထွက်ဒေသရှိ အများပြည်သူသုံး အမှတ်တံဆိပ်တန်ဖိုးသုံးသပ်ခြင်း" ရလဒ်ထွက်ပေါ်ခဲ့ရာ ကိန်းဂဏန်းအရ အကျိုးသက်ရောက်မှုရှိ အမှတ်တံဆိပ်(၉၂)ခု၏ စုစုပေါင်းတန်ဖိုးမှာ တရုတ်ယွမ် (၁၃၆. ၈၀၅) ဘီလီယံရှိပြီး အမှတ်တံဆိပ်ပျမ်းမျှတန်ဖိုးမှာ တရုတ်ယွမ်ငွေပေါင်း(၁. ၄၈၇) ဘီလီယံရှိသည်။

ယခုအကြိမ် သုံးသပ်ချက်တွင် ပါဝင်သော တရုတ်နိုင်ငံလက်ဖက်ခြောက်ထွက်ဒေသရှိ အများသုံးတံဆိပ်မှာ စုစုပေါင်း (၁၀၉)ခုရှိသည်။ အဖက်ဖက်ကပါဝင်သုံးသပ်သော အမှတ်တံဆိပ်များ၏ သက်ဆိုင်ရာကိန်းဂဏန်းများကို စစ်ဆေးအတည်ပြုပြီး နောက်ဆုံးအမှတ်တံဆိပ်(၉၂)ခုအပေါ် အကျိုးသက်ရောက်မှုရှိသော သုံးသပ်ချက်ကို ပြီးမြောက်ခဲ့သည်။ ယခုအကြိမ်သုံးသပ်ပြီးသောကိန်းဂဏန်းအရအကျိုးသက်ရောက်မှုရှိ တံဆိပ်(၉၂)ခုအတွင်း တန်ဖိုးအမြင့်ဆုံးမှာ ဖူအေလ်လက်ဖက်ခြောက်ဖြစ်ပြီး တရုတ်ယွမ်ငွေပေါင်း(၆)ဘီလီယံအထိရောက်ရှိသည်။ ဒုတိယမှာ တန်ဖိုးတရုတ်ယွမ်ငွေပေါင်း (၅. ၉၉၁)ဘီလီယံရှိသော ရှင့်ရန်မောက်ကျန်း၊ တတိယမှာ တန်ဖိုးတရုတ်ယွမ်ငွေပေါင်း (၃. ၅၅၃)ရှိသော ဖူတင်ပိုင် လက်ဖက်ခြောက်ဖြစ်သည်။

သတင်းထောက် - အိုရန်ရှောင်ယူ

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn